## ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးဖို့ အမျိုးသားနေ့အခမ်းအနားမှာ အဖွဲ့ချုပ်တောင်းဆို
၅ ဒီဇင်ဘာ ၂၀၀၇

မြန်မာနိုင်ငံရဲ့ အဓိက အတိုက်အခံပါတီကြီး တခုဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အန်အယ်လ်ဒီ က အမျိုးသားနေ့ အခမ်းအနားကျင်းပခဲ့ပြီး ပါတီရဲ့ခေါင်းဆောင် ထိမ်းသိမ်းခံ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကို အမြန်ဆုံး ချွင်းချက်မရှိ ပြန်လွှတ်ပေးဖို့လည်း တောင်းဆိုလိုက်ပါတယ်။ မနေ့က ရန်ကုန်မြို့မှာရှိတဲ့ ပါတီဌာနချုပ် ကျင်းပခဲ့တဲ့ ၈၇ နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားအတွင်း ညီညွှတ်ရေးနဲ့ ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည် ပြောဆိုခဲ့တဲ့ မိန့်ခွန်းကို ကောက်နှုတ် ကိုးကားပြီးကြေငြာချက်မှာ ဖော်ပြခဲ့ပါတယ်။ ဗြိတိသျှကိုလိုနီလက်အောက်က တက္ကသိုလ်ကျောင်းသားတွေက စတင်အုံကြွမှုကနေ ပေါက်ဖွားလာတဲ့ အမျိုးသားနေ့အထိမ်းအမှတ် အန်အယ်လ်ဒီရဲ့ ကြေငြာချက်နဲ့ ပတ်သက်ပြီး ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်း က ပြောဆိုရာမှာတော့ –

> "ဒီမိုကရေစီအင်အားစုများအားလုံး သွေးစည်းခိုင်မာမှုနဲ့ အမျိုးသားညီညွှတ်ရေး အရေးတကြီး လိုအပ်နေသော အခုအချိန်မျိုးတွင် နိုင်ငံရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးအင်အားစုများ အထူးသဖြင့် ကျမတို့၏တိုင်းရင်းသားလူမျိုးစုများအားလုံး၏ ဆန္ဒသဘောထားများနှင့် အကျိုးစီးပွားများကို အခိုင်အမာ အဆက်မပြတ် အလေးအနက်ထားကာ စဉ်းစားပေးရမည်မှာ ကျမအပေါ်ကျရောက်လာသော တာဝန်ဖြစ် နေပါပြီ ဆိုတဲ့ဟာကို ဖော်ပြတယ်။ ဆိုလိုတာက ညီညွှတ်ရေးနဲ့ စပ်လျဉ်းပြီးတော့ အလေးအနက် ပြောကြားခဲ့တာကို ကျနော်တို့ ဖော်ပြလိုခြင်းဖြစ်ပါတယ်။"

ဒီအတောအတွင်း မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကလည်း အစိုးရက အကောင် အထည်ဖော်နေတဲ့ ဒီမိုကရေစီရေး လမ်းညွှန်မြေပုံအတိုင်း ဆက်လက်လုပ်ဆောင်သွားဖို့ ဒီအထိမ်းအမှတ်နေ့မှာပဲ အလေးထားပြောဆိုသွားခဲ့ပါတယ်။

တချိန်တည်းမှာပဲ အမေရိကန် နိုင်ငံခြားရေးဌာနက အခြေခံဥပဒေမူကြမ်း ရေးဆွဲ ရာမှာ အတိုက်အခံတွေနဲ့ တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်တွေကို ချန်လှပ်ထားခဲ့တဲ့အပေါ် ပစ်တင်ရှုတ်ချကြောင်း ကြေငြာချက်တစောင် ထုတ်ပြန်ပြောဆိုလိုက်ပါတယ်။ မြန်မာစစ်အစိုးရရဲ့ ပြောဆိုချက်ဟာ နိုင်ငံတကာက တိုက်တွန်းတောင်းဆိုနေတဲ့ သက်ဆိုင်သူတွေအားလုံးပါဝင်ပြီး စစ်မှန်တဲ့ ဆွေးနွေးပြောဆိုမှုတွေလုပ်ဖို့အတွက် ရည်ရွယ်ချက်မရှိကြောင်း ပြသ လိုက်တာပဲလို့ အမေရိကန် နိုင်ငံခြားရေးဌာနရဲ့ ပြောခွင့်ရပုဂ္ဂိုလ် ရှောင်မက်ကောမက် က ပြောဆိုလိုက်ပါတယ်။